# အသက်ဝင်သော အရုပ် နှင့်

## မြစ်ရပ်ဆန်းကြယ်ဝတ္ထုတိုများ

**ဒဂုန်ရွှေမျှား**



design; myint lwin oo

# ဒဂုန်ရွှေမျှား
## (၁၈၉၅ - ၁၉၈၂)

ဒဂုန်ရွှေမျှားသည် ၁၈၉၅ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် ပြည်မြို့၌ အဖကုန်သည် ဦးချစ်ထွန်း၊ အမိ ဒေါ်စော(စောကလေး)တို့ မှ မွေးဖွားခဲ့သော တစ်ဦးတည်းသောသား ဖြစ်သည် ။ အမည်ရင်း ဦးတင်၊ ငယ်စဉ်က အိမ်တွင် မြန်မာ-အင်္ဂလိပ်ဆရာများ ဖြင့် ပညာစတင်သင်ကြားခဲ့ပြီး တတိယတန်းမှ စ၍ ပြည်မြို့ အစိုးရဟိုက်စကူး ကျောင်းတွင် တတိယတန်းမှ ဒသမတန်း အောင်သည် အထိ သင်ကြားခဲ့သည် ။ ၁၉၁၃-၁၄ခုနှစ်တွင် ဒသမတန်းအောင်မြင်ခဲ့သည် ။ ရန်ကုန်တက္ကသိုလ်တွင် ခေတ္တမျှ တက်ရောက်သင်ကြားခဲ့သည် ။ နောက် စပါးကုန်သည် အလုပ်လုပ်သည် ။ ထိုသို့လုပ်ရင်း စပါးကုန်သည် ၊ မြေပိုင်ရှင်၊ သမာဓိမြို့ဝန် ဦးပြုံး၏ သမီး ဒေါ်သိန်းခင်နှင့် လက်ထပ်ခဲ့သည် ။ ၁၉၂၇ ခုနှစ်တွင် ရှေ့နေစာမေးပွဲ အောင်မြင်၍ ရှေ့နေဘဝ၊ နောက် သတင်းစာ ကိုယ်စားလှယ်၊ သတင်းထောက်၊ စာရေးဆရာ၊ အယ်ဒီတာဘဝများကို ရရှိခဲ့ပြီး စစ်ကြိုခေတ်၊ မြန်မာစာရေးဆရာများ ပေါ်ဦးပေါ်ဖျားကာလမှာ ပင် ‘ပြည်မောင်တင်’ ကလောင်အမည်၊ နောင် ‘ဒဂုန်ရွှေမျှား’ ဖြစ်လာခဲ့သည် ။

၁၉၁၇ ခုနှစ် မတ်လတွင် သူရိယမဂ္ဂဇင်း ထွက်ပေါ်လာသောအခါ ‘ဝ

ဝတ္ထုရေးသူများကို ဆုပေးမည့် အကြောင်း' ပါလာသဖြင့် 'ဝီလျံရှိတ်စပီးယား' (William Shakespere) ၏ 'အော်သယ်လို' (Othello) ပြဇာတ်ပုံဝတ္ထုကို မြန်မာမှုပြု၍ 'ချင်းဗိုလ်မောင်တကက်တူ' အမည်ခံပြီး ပါဝင်ယှဉ်ပြိုင်ရာ မေလထုတ် သူရိယမဂ္ဂဇင်း (ရေးသူဆုရသည် ) ကဏ္ဍတွင် စတင်ဖော်ပြခံရသည် ။ ဆုငွေ ၁၅/ ကျပ်ရသည် ။ ဒဂုန်ရွှေမျှား၏ ပထမဦးဆုံးဝတ္ထုတိုလက်ရာ ဖြစ်သည် ။ နောက် သူရိယ၊ ဒဂုန်၊ မြန်မာ့အလင်း၊ ကြည်တော်မူ အစရှိသော မဂ္ဂဇင်းများ တွင် ဝတ္ထုစာပေလက်ရာများ ဆက်လက်ရေးသားခဲ့သည် ။ ဆောင်းပါးအနေဖြင့် သူရိယမဂ္ဂဇင်းမှာ ပင် Wide World မဂ္ဂဇင်းမှ ဂျာမန်စစ်သုံ့ပန်း အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်အကြောင်း ဆောင်းပါးသည် ဒဂုန်ရွှေမျှား၏ ပထမဦးဆုံး ဆောင်းပါးလက်ရာ ဖြစ်သည် ။

ပထမဦးဆုံး မဂ္ဂဇင်းဝတ္ထုရှည် 'လျှို့ဝှက်သော စာအိတ်ကြီး' (The Secret Envelope) သည် ပြည်တော်မူမဂ္ဂဇင်းတွင် စတင်ရေးသားခဲ့ပြီး ပြည်တော်မူကုမ္ပဏီမှ ပင် သုံးမတ်တန် လုံးချင်းစာအုပ်အဖြစ် စတင်ထုတ်ဝေခဲ့ပါသည် ။ ဘားမင်းနီးယားဖလင် ရုပ်ရှင်ကုမ္ပဏီမှ ဒါရိုက်တာဦးထိန်လာရောက်ဝယ်ယူပြီး ရုပ်ရှင်ရိုက်ကူးခဲ့ရာ ၁၉၂၃ ခုနှစ်တွင် ရုံတင်ပြသခဲ့ရသည် ။

ဂျပန်ခေတ်တွင် ကုန်သည် အဖြစ်လုပ်ကိုင်ရင်း အစိုးရပြန်ကြားရေးဌာနတွင် လက်ထောက်အယ်ဒီတာ၊ စစ်ပြီးခေတ်တွင် ယနေ့အမျိုးသမီးမဂ္ဂဇင်း၊ သတင်းစုံ (Tib Bit) ဂျာနယ်၊ ဗမာခေတ်နှင့် ရှေ့ဆောင်သတင်းစာများ ၌ သတင်းအယ်ဒီတာ၊ နောက် စာပေဗိမာန်တွင် စာပြု၊ လက်ထောက်စာတည်း စသဖြင့် လုပ်ကိုင်ခဲ့သည် ။ ဒဂုန်ရွှေမျှားသည် ၁၉၁၄ ခုနှစ်မှ အစပြု၍ ကွယ်လွန်သည် အထိ စာရေးသက် (၅၈) နှစ်အတွင်း

စာအုပ်လုံးချင်း - ၆၀ ကျော် (စုံထောက်ဦးထင်ကျော်၊ ထောင်မင်းသားဦးဘိုးထော်၊ ကလိန်မောင်မောင်ထွန်း၊ အမ်ကြာရိုး၊ စောရမောင်၊ ကလိန်ခြုံရှေ့နေ အစရှိသော ပင်ကိုရေးနှင့် မှီငြမ်းဝတ္ထုတိုပေါင်းချုပ် အပါအဝင်) ဝတ္ထုတိုပေါင်း - ၄၇၃ ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်းဝတ္ထုတို/ရှည် - ၁၁၆ ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်းပြုစာအုပ် - ၆၁ အုပ်၊ ပင်ကိုရေးဝတ္ထုစာအုပ် - ၁၉ အုပ်၊ ဘာသာပြန်နှင့် ပင်ကိုရေးဆောင်းပါးပေါင်း - ၁၄၇ ပုဒ်၊ ဘဝအတွေ့အကြုံ စာအုပ် - ၁ အုပ် စသဖြင့် ရေးသားထုတ်ဝေခဲ့ရသည် ။

ဒဂုန်ရွှေမျှားသည် စာပေဆု သုံးကြိမ်ရရှိခဲ့ရာ ၁၉၅၉ ခုနှစ်တွင် စာပေဗိမာန် ဘာသာပြန်ဆုအဖြစ် 'ရော်ဘင်ဆင်ကရူးဆိုး' (Robinson Crusoe) စာအုပ်ဖြင့် ပထမဦးဆုံးအကြိမ် ရရှိခဲ့ပြီး၊ ၁၉၆၃ ခုနှစ်တွင် အမျိုးသားစာပေဆု၊ အနုပညာစာပေ ဘာသာပြန်ဝတ္ထုဆုအား 'မြို့ဝန်မင်း၏ဘဝခရီး' (The Mayer of Casterbridge) ဝတ္ထုဖြင့် ရရှိခဲ့သည် ။

နောက်ဆုံး ၁၉၇၂ ခုနှစ်တွင် စာပေဗိမာန်စာမူပြိုင်ပွဲ၊ ဘာသာပြန်စာပေဆုအဖြစ် 'မွန်းတည့်ရန် (၂) မိနစ်အလို'စာအုပ် (စာမူ)ဖြင့် ဒုတိယဆုရရှိခဲ့သည် ။

ဝတ္ထုစာပေလက်ရာများ အပြင် ခရီးသွားစာပေ၊ စာပေသမိုင်းစာပေ 'မြန်မာနိုင်ငံစာပေဆုများ 'ပထမတွဲ၊ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာပေ (ဘဝနှင့် အတွေ့အကြုံ (Quality) စာအုပ်တိုက်၊ ၂၀၁၀ ဒုတိယအကြိမ်)၊ ရုပ်ပုံလွှာဆောင်းပါးများ (ဂျာနယ်ကျော်ဦးချစ်မောင်၊ မင်းဆွေစသဖြင့်) ရေးသားပြုစုခဲ့သည် ။

ဆရာကြီးဒဂုန်ရွှေမျှားသည် ၁၉၈၂ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်ခဲ့သည် ။ အသက် (၈၇) ခုနှစ်အရွယ်တွင်

ကွယ်လွန်ခြင်းဖြစ်သည် ။ ရုပ်ရှင်ဒါရိုက်တာ စိန်ဖေတင်(ကွယ်လွန်) အပါအဝင် သားသမီး (၅) ဦး ကျန်ရစ်ခဲ့သည် ။

ယခုအခါ ဆရာကြီးရေးသားခဲ့သော စာပေလက်ရာများအားလုံးအား လက်လှမ်းမီသလောက် ရှာဖွေလျက် Quality စာအုပ်တိုက်မှ တစိုက်မတ်မတ် ထုတ်ဝေလျက် ရှိပါသည် ။

***